မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

September 11, 2025 Volume 94, Number 9


| ၁၁ ၉.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၅၅.၆၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၅.၇၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၈.၇၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၈.၂၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၈၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၉၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၇.၇၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၀၁ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## စားအုန်းဆီရည်ညွှန်းဈေး ဆက်တိုက်မြင့်တက်လာ




အခြေခံလူတန်းစားများ အဓိကဝယ်ယူသုံးစွဲနေသည့် စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ ဆက်တိုက်မြင့်တက်လာကြောင်း သိရသည်။

အဆိုပါ စားအုန်းဆီ ရည်ညွှန်းဈေးမှာ ဩဂုတ်လမှစ၍ တစ်ပတ်လျှင် ကျပ် ၁၀၀ ကျော်နှုန်းအထိ ဆက်တိုက်မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့် စက်တင်ဘာလ ၈ ရက်နေ့မှ ၁၄ ရက်နေ့အထိ စားအုန်းဆီ တစ်ပိဿာလျှင် ၆၅၂၀ ကျပ်ဖြင့် ရောင်းချရန် သတ်မှတ်လိုက်ကြောင်း သိရပါသည်။

ထို့ကြောင့် စက်တင်ဘာလ ပထမပတ်က တစ်ပိဿာလျှင် ၆၄၁၀ ကျပ်သာ ရှိခဲ့သောကြောင့် ယခုအပတ်ဖြင့်ယှဉ်ပါက ကျပ် ၁၀၀ ကျော်အထိ မြင့်တက်လာခြင်း ဖြစ်ကြောင်း တွေ့ရပါသည်။ “သဃ်န်းကျွန်းမှာတော့ အိမ်ထောင်စုတစ်စု ဆီဝယ်စာအုပ် တစ်အုပ်ကို ၆၉၀၀ ကျော်နဲ့ ရောင်းပေးနေတယ်။ ပြင်ပဈေးက သပ်သပ်ရှိတယ်။ ဒီဈေးနဲ့က အကန့်အသတ်နဲ့ရောင်းပေးတာဖြစ်လို့ လိုသလောက်မရဘူး။ အပြင်ဈေးနဲ့လဲ ဝယ်သုံးနေရတယ်။ တစ်ပိဿာကို တစ်သောင်းကျော်တယ်”ဟု သဃ်န်းကျွန်းမြို့နယ်တွင် နေထိုင်သူ အိမ်ရှင်မတစ်ဦးက ပြောသည်။

ရန်ကုန်မြို့ ခွဲတမ်းရ ဆီဆိုင်များတွင် စားအုန်းဆီ တစ်ပိဿာလျှင် ၆၉၅၂ ကျပ်ဖြင့် ရောင်းချပေးနေပြီး ပြင်ပပေါက်ဈေးအနေဖြင့် တစ်ပိဿာလျှင် ၁၃,၀၀၀ မှ ၁၄,၅၀၀ ကျပ်

ပေါက်ဈေးအထိ ရောင်းဝယ်ပြုလုပ်နေကြကြောင်းလည်း သိရသည်။

ဆီဝယ်ခွင့်စာအုပ်ဖြင့် ဝယ်ယူသူတချို့မှာလည်း ကိုယ်တိုင်မသုံးဘဲ ပြန်လည်ရောင်းချမှုများလည်းရှိသည့်အပြင် စားအုန်းဆီ လုံလောက်စွာဝယ်၍ မရသောကြောင့် ပြင်ပပေါက်ဈေးမှာ မြင့်တက်နေဦးမည်ဖြစ်ကြောင်းလည်း ကုန်သည်များက သုံးသပ်ကြသည်။

ထို့ပြင် လျှပ်စစ်မီးပြတ်တောက်မှုများကြောင့် ဆီစက်များ ပုံမှန်လည်ပတ်နိုင်ရန် အခက်အခဲများရှိခြင်း၊ စက်သုံးဆီ ဈေးများ မြင့်တက်ခြင်းစသည့် အခက်အခဲများကြောင့် စားအုန်းဆီအပြင် ပြည်တွင်းထုတ်ကုန်ဖြစ်သည့် နှမ်းဆီ၊ မြေပဲဆီ ဈေးနှုန်းများ မှာလည်း အမြင့်ဈေးတွင်ရှိနေကြောင်း သိရပါသည်။

လက်ရှိတွင် ပြည်ပမှတင်သွင်းရာတွင် အခက်အခဲအမျိုးမျိုးရှိနေပြီး စားအုန်းဆီ အဓိကတင်သွင်းနေသည့် မလေးရှား နိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံများတွင် ဈေးနှုန်းမြင့်တက်နေခြင်းကြောင့် အဆိုပါနိုင်ငံများ၏ ဈေးကွက်နှင့်ဈေးနှုန်းများအပေါ် တွက်ချက်ကာ ပြည်တွင်း၌ ပြန်လည်ရောင်းချနေရခြင်းကြောင့် မြင့်တက်နေရခြင်း ဖြစ်ကြောင်းလည်း လုပ်ငန်းရှင်တချို့ထံမှ သိရသည်။

"ဆီဈေးက ဆက်တိုက်သလို တက်လာတာ။ ဩဂုတ်လကတည်း တစ်ပတ်ကို ၁၀၀ ကျော်ကျပ်နှုန်း တက်နေတာ အခုထိဘဲ အခုဆို ၆၅၀၀ ကျော်နေပြီ။ ဆီတင်သွင်းတဲ့နိုင်ငံတွေမှာ ဆီအထွက်နှုန်းနည်းလာသလို တင်သွင်းလို့ရတဲ့ ပမာဏကလဲ နည်းလာတယ်။ ဒေါ်လာဈေးလဲတက်တယ်။ နောက်ပြီး အရင်လို တင်သွင်းရတာလဲ မလွယ်ကူတော့ဘူးလေ"ဟု ဆီလုပ်ငန်းရှင် တစ်ဦးက သုံးသပ်သည်။

စားအုန်းဆီအား ဈေးကစားရန် ရည်ရွယ်ချက်ဖြင့်သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ပြည်တွင်း၌ စားအုန်းဆီသုံးစွဲမှု တစ်နှစ်လျှင် တန်ချိန် ၁၀ သိန်းကျော်အထိရှိသောကြောင့် နှစ်စဉ်တန်ချိန် ၆ သိန်းမှ ၇ သိန်းအား တင်သွင်းနေရခြင်းဖြစ်သည်။

**Source: (AMIA)**

[https://htwettoe.com/market](https://htwettoe.com/market)

## မန္တလေးတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကမှတ်ပုံတင်ထားသည့် စက်မှုလုပ်ငန်းပေါင်း ၆၀၀၀ ကျော်ရှိ

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်နှင့်မြို့နယ်များအလိုက် ဩဂုတ်လအထိ ပုဂ္ဂလိကမှတ်ပုံတင်ထားသည့် အကြီးစား၊ အလတ်စား၊ အငယ်စား စက်မှုလုပ်ငန်းပေါင်း ၆၉၃၀ ရှိကြောင်း တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း စက်မှုလုပ်ငန်းများဖြစ်သည့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် လူ့စွမ်းအား အရင်းအမြစ်နှင့်စွမ်းဆောင်ရည်မြှင့်တင်ရန် သင်တန်းများနှစ်စဉ်ဖွင့်လှစ်ပေးလျက်ရှိသလို လိုအပ်ချက်များကိုလည်း ဌာန အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတွင် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လအထိ ခရိုင်နှင့်မြို့နယ်များ အလိုက် ပုဂ္ဂလိကမှတ်ပုံတင်ထားသည့် စက်မှုလုပ်ငန်းများမှာ အကြီးစား ၁၇၃၈ ခု၊ အလတ်စား ၂၉၀၅ ခုနှင့် အငယ်စား ၂၂၀၇ ခု စုစုပေါင်းလုပ်ငန်းများ ၆၉၃၀ ခုရှိပြီး အများဆုံးမှာ စားသောက်ကုန်လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

စက်မှုလုပ်ငန်း မှတ်ပုံတင်ရာတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ၊ စက်စွမ်းအား၊ လုပ်သားအင်အား၊ ထုတ်လုပ်မှုစွမ်းအားများအပြင် အသုံးပြုလည်ပတ်လျက်ရှိသည့် စက်စွမ်းအား(မြင်းကောင်ရေ)စသဖြင့် ဘက်ပေါင်းစုံသုံးသပ်၍ အကြီးစား၊ အလတ်စား၊ အငယ်စားဟူ၍ ခွဲခြားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ မှတ်ပုံတင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်သို့အခွန်ပေးဆောင်မှုတွင် တာဝန်ကျေပွန်မည်ဖြစ်ကာ SME ချေးငွေများလည်း လျှောက်ထားရယူနိုင်ကြောင်း သိရသည်။

**Source: Popular News Journal**

## ပြည်တွင်း၌ ဆန်စက်ပေါင်း ၈၀၀၀ ကျော်ဖြင့်လည်ပတ်နေ



တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ပြည်တွင်း၌ ဆန်စက်ပေါင်း တစ်သောင်းကျော်ရှိသည့်အနက် ဆန်စက် ၈၀၀၀ ကျော်ဖြင့် လည်ပတ်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်းအနေဖြင့် အသင်းသားပိုင် ဆန်စက်အရေအတွက် တစ်သောင်းကျော်ရှိပြီး လုပ်ငန်းလည်ပတ်လုပ်ကိုင်နေသည့်ဆန်စက်များမှာ ၈၀ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

အဆိုပါ ဆန်စက်များမှ ပြည်ပတင်ပို့မှုနှင့် ပြည်တွင်းစားသုံးနိုင်ရန်အတွက် ကြိတ်ခွဲရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။ ဆန်စက်များအနေဖြင့် ပြည်ပတင်ပို့မှုနှင့်ပြည်တွင်းစားသုံးမှုဖူလုံရန် ကြိတ်ခွဲပေးနေခြင်းဖြစ်သလို ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရန်နှင့် ဆန်စပါးအရည်အသွေးမြင့်မားရန်အတွက် နည်းပညာကဏ္ဍ တိုးချဲ့ဆောင်ရွက်နေကြောင်းလည်း သိရသည်။

MRF အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆန်စက် ၁၄ ခုတွင် ၁၇ မဂ္ဂါဝပ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆန်စက် ၇ ခုတွင် ၁၄ မဂ္ဂါဝပ်၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆန်စက် ၃ ခု၌ ၅ မဂ္ဂါဝပ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆန်စက် ၂ ခုတွင် ၁ ဒသမ ၅ မဂ္ဂါဝပ်၊ နေပြည်တော်ရှိ ဆန်စက် ၁ ခု၌ ၃ မဂ္ဂါဝပ်နှင့် မွန်ပြည်နယ်ရှိ ဆန်စက် ၁ ခု၌ ၁ မဂ္ဂါဝပ် စသည့်ဆန်စက် ၂၈ ခုတွင် ဆိုလာစနစ်တပ်ဆင်ပြီး လျှပ်စစ်ဓာတ်အား စုစုပေါင်း ၄၁ ဒသမ ၅ မဂ္ဂါဝပ်ထုတ်လုပ်မည့် အစီအစဉ်ကို ယခုနှစ်အတွင်း အပြီးဆောင်ရွက်ရန်လျာထားကြောင်း သိရသည်။

**Source: Popular News Journal**

## ရေကြည်မြို့နယ်၌ ဒေသထွက် တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ ဒေသထွက် တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ညိုညို၏ ပြောကြားချက်အရ သိရသည်။

ရေကြည်မြို့နယ် ကုန်စိမ်းဈေးကွက်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများကို စက်တင်ဘာလပထမပတ်မှ လက်ရှိအချိန်ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိကာ တစ်ရက်လျှင် တိုင်ထောင်ပဲသီး ပိဿာ ၂၅၀၀ မှ ၅၅၀၀ အထိ အရောင်းအဝယ်ကောင်းမွန်

နေကြောင်း သိရသည်။

"ဒေသထွက်ကုန်အမျိုးအပြား စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်တော့ သယ်ယူစရိတ်သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ ဒေသထွက် တိုင်ထောင်ပဲသီးတွေက အရည်အသွေးကောင်းမွန်ပြီး သန့်ရှင်းလတ်ဆတ်မှုရှိတဲ့အတွက် ဝယ်လိုအားကောင်းနေတာဖြစ်ပါတယ်။ တိုင်ထောင်ပဲသီးတွေကို အခြားကုန်စိမ်း ဈေးကွက်ကလည်း အဝယ်လိုက်နေပါတယ်။ အခုလို တိုင်ထောင်ပဲသီးတွေ ဝယ်လိုအားကောင်းလာတော့ ဟင်းသီးဟင်းရွက် စိုက်ပျိုးတဲ့တောင်သူတွေ အလုပ်အကိုင် အဆင်ပြေလာတာတွေ့ရပါတယ်" ဟု ဒေါ်ညို ညိုကပြောသည်။

ရေကြည်မြို့နယ်၌ လက်ရှိ တိုင်ထောင်ပဲသီးအပါအဝင် ဒေသထွက် ရာသီပေါ်ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန် ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့ စိုက်ပျိုးရန် တောင်သူများ ပြင်ဆင်နေကြောင်း၊ ဒေသထွက်ကုန်များကိုရောင်းချရသည့်အတွက် သယ်ယူစရိတ်သက်သာ ခြင်း၊ လတ်ဆတ် သည့်သီးနှံများကိုသာ အရောင်းအဝယ်ပြုလုပ်နိုင်ခြင်းတို့ကြောင့် များစွာအကျိုးကျေးဇူးရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/75061

## ပဲမျိုးစုံ ဈေးကွက်အခြေအနေ

မန္တလေးကုန်စည်ဒိုင်တွင် ပဲမျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ ပဲကြား၊ ပဲနီပြား၊ ပဲဇီးကွက်နှင့် စွန်တာပြာများလည်း အရောင်းအဝယ်ပုံမှန်ဖြစ်နေကြောင်းသိရသည်။

စက်တင်ဘာလ ဒုတိယပတ်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ပဲကြား၊ ပဲနီပြား၊ ပဲဇီးကွက်နှင့် စွန်တာပြာ ဈေးနှုန်း များမှာ ပဲကြား ၅၆ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၂၈၀,၀၀၀ မှ ၂၈၅,၀၀၀၊ ယခင်တစ်ပတ် ၂၇၀,၀၀၀ ကျပ်ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀,၀၀၀ မှ ၁၅,၀၀၀ ခန့် ဈေးမြင့်တက်လာပြီး၊ ယခင်လတွင် ဈေးကွက်မရှိခြင်းဖြစ်သည်။

ပဲနီပြား(တံတားဦး) ၅၅ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ၄၀၀,၀၀၀ ကျပ်ဖြစ်ပြီး၊ ယခင် တစ်ပတ်နှင့် ယခင်လအတိုင်းဈေးငြိမ်နေပါသည်။

ပဲနီပြား(ကျွန်း) ၅၅ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ၅၀၀,၀၀၀ ကျပ်၊ ယခင်တစ်ပတ်နှင့် ယခင်လတွင် ကျပ် ၄၇၀,၀၀၀ မှ ၄၈၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်နှင့် ယခင်လထက် ကျပ် ၂၀,၀၀၀ မှ ၃၀,၀၀၀ ဈေးမြင့်တက်လာသည်။

ပဲဇီးကွက် ၅၈ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၁၀,၀၀၀ မှ ၃၂၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၉၀,၀၀၀ မှ ၃၁၀,၀၀၀၊ ယခင်လ ကျပ် ၂၈၀,၀၀၀မှ ၂၈၅,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀,၀၀၀မှ ၂၀,၀၀၀၊ ယခင်လထက် ကျပ် ၃၀,၀၀၀ မှ ၃၅,၀၀၀ ခန့်ဈေးမြင့်တက်လာသည်။

စွန်တာပြာ(ကသဲ) ၅၈ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်နှင့်ယခင်တစ်ပတ်တွင် ကျပ် ၂၉၀,၀၀၀ မှ ၃၀၀,၀၀၀၊ ယခင်လ ကျပ် ၂၈၀,၀၀၀ မှ ၃၀၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး၊ ယခင်လထက် အနိမ့်စ ၁၀,၀၀၀ ကျပ် ဈေးမြင့်တက်လာသည်။

စွန်တာပြာ(ရိုးရိုး) ၅၈ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်နှင့်ယခင်တစ်ပတ်တွင် ကျပ် ၂၇၀,၀၀၀ မှ ၂၇၅,၀၀၀၊ ယခင်လ ကျပ် ၂၆၅,၀၀၀ မှ ၂၇၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် အတိုင်းဈေးငြိမ်နေပြီး၊ ယခင်လထက် ၅၀၀၀ ကျပ်ခန့် ဈေးမြင့်တက်လာပါသည်။

**Source:** https://myantrade.gov.mm/article/Mandalay_10_9_2025_1520

## ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၉ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာ

တရုတ်နိုင်ငံ၌ ၂၀၂၄ ခုနှစ်အတွင်း အသစ်တည်ထောင်လိုက်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၅၉,၀၀၀ ဝန်းကျင်ရှိခဲ့ကြောင်း၊ ယမန်နှစ်ကထက် ၉ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း စက်တင်ဘာ ၉ ရက်က ထုတ်ပြန်ခဲ့သည့် စာရင်းအင်းတစ်ခု၏ ထုတ်ပြန်ချက်အရ သိရသည်။

တရုတ်နိုင်ငံ၊ ရှမန်မြို့၌ ကျင်းပခဲ့သည့် ၂၅ ကြိမ်မြောက် တရုတ်နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုဆိုင်ရာ ကုန်စည်ပြပွဲ၌ တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သောအစီရင်ခံစာအရ ၂၀၂၄ ခုနှစ်က အမှန်တကယ်အသုံးပြုခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ငွေကြေးပမာဏမှာ အမေရိကန်ဒေါ်လာ ၁၁၆ ဒသမ ၂၄ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးဆဲနိုင်ငံများအနက် တရုတ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ငွေကြေးပမာဏ အများဆုံးအဖြစ် ဆက်လက်ရပ်တည်ထားကြောင်း သိရသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ငွေပမာဏအားလုံးပေါင်း၏ ၃၄ ဒသမ ၆ ရာခိုင်နှုန်းမှာ အဆင့်မြင့်နည်းပညာလုပ်ငန်းများဖြစ်ပြီး တရုတ်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆောက်အအုံမှာ ဆက်လက်တိုးတက်နေကြောင်း အစီရင်ခံစာအရ သိရသည်။

တရုတ်နိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏအများဆုံးပြုလုပ်သည့် ထိပ်ဆုံးနိုင်ငံနှင့်ဒေသ ၁၅ ခုမှ ရင်းနှီးထည့်ဝင်မှုငွေများကလည်း ဆက်လက်တည်ငြိမ်နေဆဲဖြစ်ကြောင်း၊ အဆိုပါပမာဏသည် အမေရိကန်ဒေါ်လာ ၁၁၂ ဒသမ ၂၈ ဘီလီယံ သို့မဟုတ် အမှန်တကယ်အသုံးချသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ငွေကြေးအားလုံး၏ ၉၆ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများစွာ တိုးပွားလာခြင်းက တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးကဏ္ဍတိုးတက်မှုကို သိသာထင်ရှားစွာ အားဖြည့်ပေးနေကြောင်း၊ အဆိုပါ နိုင်ငံခြားရင်းနှီးမှုလုပ်ငန်းများ၏ သွင်းကုန်၊ ပို့ကုန် တန်ဖိုးကလည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ထရီလီယံခန့် ရှိခဲ့ကြောင်း၊ အဆိုပါပမာဏမှာ နိုင်ငံ၏တစ်နှစ်တာ နိုင်ငံခြားကုန်သွယ်မှုပမာဏ၏ ၂၉ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း အစီရင်ခံစာက ထောက်ပြထားသည်။

**Source: Xinhua**

## STOCK EXCHANGE (11.9.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 11th Sep. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,365 (Shares) | 20,637,150 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,300 | -200 | -2.67% | 7,500 | 7,500 | 7,300 | 1,324 | 9,910,000 | 33,109,694 | 241,701 |
| MTSH | 00002 | 3,150 | +0 | +0.00% | 3,150 | 3,150 | 3,150 | 223 | 702,450 | 38,929,150 | 122,627 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 26 | 192,400 | 10,400,986 | 76,967 |
| FPB | 00004 | 1,950 | -50 | -2.50% | 2,000 | 2,000 | 1,950 | 2,094 | 4,086,000 | 29,664,613 | 57,846 |
| TMH | 00005 | 2,650 | +50 | +1.92% | 2,600 | 2,650 | 2,600 | 845 | 2,231,000 | 12,823,224 | 33,982 |
| EFR | 00006 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,800 | 1,778 | 3,269,300 | 19,977,223 | 36,958 |
| AMATA | 00007 | 3,300 | +0 | +0.00% | 3,250 | 3,300 | 3,250 | 75 | 246,000 | 10,497,598 | 34,642 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 0 | 0 | 23,804,946 | 77,366 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 11th Sep. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 361.62 | -3.96 | -1.08% | 365.58 | 365.58 | 361.62 | 6,365 | 20,637,150 | 8 | 682,089 |

### Index chart





YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 11th Sep. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 361.62 | -3.96 | -1.08% | 365.58 | 365.58 | 361.62 | 6,365 | 20,637,150 | 8 | 682,089 |

### Index chart


